လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ

ဗဟိုဦးဆောင်ကော်မတီ၏

## ပြည်တွင်းပြည်ပနိုင်ငံရေးအင်အားစုများထံသို့ ပန်ကြားချက်

(၂၀၀၉ ခုနှစ်၊ ဩဂုတ်လ ၈ ရက်)

ပြည်တွင်းပြည်ပရှိ နိုင်ငံရေးအင်အားစုများခင်ဗျား -

၁၉၈၈ ခုနှစ်မှ စတင်ရေတွက်လျှင် ကျွန်တော်တို့၏ ဒီမိုကရေစီအရေးလှုပ်ရှားမှုကြီးသည် နှစ်ပေါင်း (၂၀) ကျော်ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။ ဤနှစ်ပေါင်း (၂၀) ကျော်ကာလအတွင်း စွန့်လွှတ်မှုမျိုးစုံဖြင့် ဒီမိုကရေစီအရေးကို ဆောင်ရွက်ခဲ့ကြသော အာဇာနည်ရဲဘော်များနှင့် ဆက်လက်ဆောင်ရွက်နေကြသော လုပ်ဖော်ကိုင်ဖက်ရဲဘော်ရဲဘက်များကို ဦးညွှတ်ဂါဝရပြုအပ်ပါသည်။

(၁)

၁၉၈၈ မှ ယနေ့အထိ ကျွန်တော်တို့ဒီမိုကရေစီအရေးလှုပ်ရှားမှုမှာ မျှော်မှန်းထားသော အဆင့်သစ်သို့တက်လှမ်းနိုင်ခဲ့ခြင်း မရှိသေးပါ။

အဓိကဦးဆောင်ပါတီကြီးဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် "ရွှေဂုံတိုင်ကြေညာချက်"ကို ထုတ်ပြန်နိုင်ခဲ့သော်လည်း ထိုကြေညာချက်ပါ အဆိုပြုချက်များလက်တွေ့ဖြစ်မြောက်လာအောင်ဆောင်ရွက်ရာတွင် ကြီးမားသောအခက်အခဲများရှိနေပါသည်။

ကုလသမဂ္ဂနှင့်နိုင်ငံတကာအဖွဲ့အစည်းများ၏ (နအဖ)စစ်အစိုးရအပေါ်ဖိအားပေးအရေးယူဆောင်ရွက်မှုများကလည်း ထိရောက်မှုမရှိပဲဖြစ်နေပါသည်။

သို့ဖြင့်တည်ရှိနေသောပြည်တွင်းပြည်ပအခြေအနေအရပ်ရပ်ကိုခြုံငုံသုံးသပ်ပါလျှင် (နအဖ) စစ်အစိုးရသည် (၂၀၀၈) ခုနှစ် မေလ ဆန္ဒခံယူပွဲကဲ့သို့ပင် "၂၀၁၀ရွေးကောက်ပွဲ"ကို ကျင်းပသွားနိုင်မည့် အလားအလာများကို တွေ့ရှိနေရပါသည်။

ကျွန်တော်တို့ပြည်သူများသည် (မဆလ)တပါတီအာဏာရှင်စနစ် နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၇၄) ကို ၁၉၈၈ ဒီမိုကရေစီ လူထုလှုပ်ရှားမှုကြီးဖြင့် တိုက်ဖျက်ဖြိုချနိုင်ခဲ့သည်။

ယခုလည်း (နအဖ)စစ်အစိုးရနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ကို ၁၉၈၈ ဒီမိုကရေစီလူထုလှုပ်ရှားမှုကြီးကဲ့သို့ တတိုင်းတပြည်လုံး လက္ခဏာဆောင်သောလူထုလှုပ်ရှားမှုကြီးဖြင့် တိုက်ဖျက်ဖြိုချပစ်ကြရမည်သာဖြစ်သည်။ အခြားနည်းလမ်းမရှိပါ။

အနီးအဝေး ဗမာပြည်သမိုင်းနှင့်ကမ္ဘာ့သမိုင်းလက်တွေ့ဖြစ်ရပ်များက လူထုလှုပ်ရှားမှုကြီးများဖြင့်သာ သမိုင်းစာမျက်နှာသစ်များကို ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ဖန်တီးပြောင်းလဲနိုင်ခဲ့ကြောင်း သက်သေပြခဲ့ပြီးလည်းဖြစ်သည်။

"ပြည်သူသာအမိပြည်သူသာအဖ"၊ပြည်သူကိုမျက်နှာမူပြီး။ပြည်သူများကိုစည်းရုံးကြရမည်။ပြည်သူလူထုစွမ်းအားဖြင့်စစ်အာဏာရှင်စနစ်ကိုချေမှုန်းပစ်ရမည်။

(၂)

၂၀၀၉ ခုနှစ်၊ ဇူလိုင်လ ၂၀- ၂၄ ရက်နေ့များက ကျင်းပခဲ့သော ကျွန်တော်တို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ ဗဟိုကော်မတီ အထူးအစည်းအဝေးကြီးကရှေ့လုပ်ငန်းစဉ်များအကောင်အထည်ဖော်ရေးနှင့်ပတ်သက်ပြီးအဓိကအားဖြင့် အောက်ပါလုပ်ငန်း၂ ရပ်ကို ဆောင်ရွက်ရန်ဆုံးဖြတ်လမ်းညွှန်ခဲ့ပါသည်။

၁။ စစ်အာဏာရှင်စနစ်ဆန့်ကျင်တိုက်ဖျက်ရေးတပြည်လုံးအတိုင်းအတာဆောင်သောလူထုလှုပ်ရှားမှုကြီးဖြစ်ပေါ်လာစေရန်စည်းရုံးပြင်ဆင်သွားရမည်။

၂။ ဖြစ်ပေါ်လာသည့်ပြည်တွင်းပြည်ပ အခြေအနေအရပ်ရပ်အောက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) တိုက်ဖျက်ရေး အတွက် ဦးတည်သည့် ဥပဒေတွင်းဥပဒေပတိုက်ပွဲများကိုစည်းရုံးပြင်ဆင်သွားရမည်။

ယင်းလုပ်ငန်းများအကောင်အထည်အဖော်ရေးအတွက် ပထမဆုံးတိုက်ကွက်မှာ "၂၀၁၀ ရွေးကောက်ပွဲ"ပင်ဖြစ်ပါသည်။ ၂၀၁၀ ရွေးကောက်ပွဲကို လူထုတရပ်လုံးကသပိတ်မှောက်ဆန့်ကျင်ရန်ကြိုတင်ပြင်ဆင်စည်းရုံးရမည်။ ယင်းသို့ကြိုတင်ပြင်ဆင်ရာတွင် အရေးအကြီးဆုံးအချက်မှာပြည်တွင်းပြည်ပနိုင်ငံရေးအင်အားစုအားလုံးတစ်သံတည်းဖြစ်စေရန်နှင့်ဘက်ပေါင်းစုံကနေကြိုတင်ပြင်ဆင်ထားနိုင်ရေးဟူသောအချက်ပင်ဖြစ်ပါသည်။ အချိန်သိပ်မကျန်တော့ပါ။

၂၀၁၀ ရွေးကောက်ပွဲသည် ၁၉၉၀ ရွေးကောက်ပွဲနှင့် လွန်စွာမှခြားနားပါသည်။

၁၉၉၀ ရွေးကောက်ပွဲသည် (မဆလ) တစ်ပါတီ အာဏာရှင်စနစ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၇၄) ကို ဆန့်ကျင်ဖြိုချပစ်ခဲ့သည့် ၁၉၈၈ဒီမိုကရေစီအရေးလူထုတိုက်ပွဲကြီး၏ တိုက်ရိုက်ရလဒ်ဖြစ်သည်။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ခုခု၏ ဘောင်အတွင်းမှ ကျင်းပခဲ့ခြင်းလည်းမဟုတ်ပါ။

သို့အတွက် ကျွန်တော်တို့အင်အားစုများသည် ၁၉၉၀ပြည့်ရွေးကောက်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ကြရန်ဆုံးဖြတ်ခဲ့ကြပြီး (မဆလ) အသွင်ပြောင်း(တစည)ပါတီကို စီးချင်းထိုးအနိုင်ရရေးအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဝန်းရံမဲပေးရေးဟူသည့် နည်းပရိယာယ်ကို ကျင့်သုံးခဲ့ကြခြင်းဖြစ်သည်။

သို့ဖြင့် (တစည) အရှုံးကြီးရှုံးပြီး၊ ဖိနှိပ်ညစ်ပတ်မှုတွေအကြားမှပင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် တတိုင်းတပြည်လုံးတွင် အောင်ပွဲခံနိုင်ခဲ့သည်။

၁၉၉၀ ပြည့်ရွေးကောက်ပွဲတွင် မျှော်လင့်သောရလဒ်ထွက်မလာသဖြင့် (နဝတ-နအဖ) စစ်အစိုးရသည် ရွေးကောက်ပွဲရလဒ် ကို အသိအမှတ်ပြုခြင်း၊ လွှတ်တော်ခေါ်ပေးခြင်း၊ အာဏာလွှဲပြောင်းပေးခဲ့ခြင်းမရှိခဲ့ပါ။ ထို့အပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို နည်းမျိုးစုံဖြင့် အကြမ်းဖက်ဖိနှိပ်ဖြိုခွဲပါတော့သည်။

ယခု [၁၉၉၀ပြည့်ရွေးကောက်ပွဲတွင်ပါဝင်ယှဉ်ပြိုင်/(တစည)ကိုစီးချင်းထိုး]ဟူသည့်နည်းပရိယာယ်ကိုထပ်တူကျင့်သုံးပြီး၂၀၁၀ ရွေးကောက်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ရန်မဖြစ်နိုင်ပါ။၂၀၁၀ရွေးကောက်ပွဲကို ပြတ်ပြတ်သားသားဆန့်ကျင်သပိတ်မှောက်ကြရမည်။ "လုံးဝမရှိတာထက်နည်းနည်းရှိတာကကောင်းတယ်"ဆိုသည့် အညံ့ခံဒူးထောက်ရေးအတွေးအခေါ်နှင့်ထိုအတွေးအခေါ်ရှိသူများကိုပြတ်ပြတ်သားသားဆန့်ကျင်ကြရမည်။

၂၀၁၀ရွေးကောက်ပွဲဆိုသည်မှာ (နဝတ-နအဖ) စစ်အစိုးရ စိတ်ကြိုက်ရေးဆွဲအတည်ပြုထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) အရ ကျင်းပမည့် ရွေးကောက်ပွဲဖြစ်သည်။ တနည်းအားဖြင့် ၁၉၈၈ မှ ယနေ့အထိ (နဝတ-နအဖ) စစ်အစိုးရ ကျူးလွန်ခဲ့သည့် ဖိနှိပ်အကြမ်းဖက်မှုမျိုးစုံကို တရားဝင်အတည်ပြုပေးရသည့်ရွေးကောက်ပွဲဖြစ်သည်။ စစ်အာဏာရှင်စနစ်ကိုအသက်သွင်းပေးရမည့်ရွေးကောက်ပွဲဖြစ်သည်။

သို့ပါ၍ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ဆန့်ကျင်တိုက်ဖျက်ရေးနှင့် "၂၀၁၀ရွေးကောက်ပွဲ" ဆန့်ကျင်သပိတ်မှောက်နိုင်ရေး အတွက် ကြိုတင်ပြင်ဆင်ထားရှိရန်လိုအပ်ပါသည်။ထိုသို့ပြင်ဆင်ရာအတွင်အဓိကအကျဆုံးအချက်မှာပြည်တွင်းပြည်ပနိုင်ငံရေးအင်အားစုအားလုံးတစ်သံတည်း ထွက်ရန်လိုအပ်ပါသည်။

ယင်းလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်တွင်းပြည်ပနိုင်ငံရေးအင်အားစုများအနေဖြင့် ဥပဒေတွင်း/ဥပဒေပ တိုက်ပွဲများပေါ်ပေါက်လာစေရန် ယခုမှစတင်၍တတ်နိုင်သည့်ဘက်မှကြိုတင်စည်းရုံးပြင်ဆင်သွားကြပါရန်လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ ဗဟိုဦးဆောင်ကော်မတီ က ပန်ကြားတိုက်တွန်းအပ်ပါသည်။

စစ်အာဏာရှင်စနစ်ဆန့်ကျင်တိုက်ဖျက်ရေး အတွက် "၂၀၁၀ ရွေးကောက်ပွဲကို ဆန့်ကျင်သပိတ်မှောက်ရေး "
ပြည်တွင်းပြည်ပနိုင်ငံရေးအင်အားစုအားလုံးကြိုတင်ညှိနှိုင်းပြင်ဆင်ကြ

ဗဟိုဦးဆောင်ကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)